
စိတ်ကူးချိုချိုအနုပညာ

# CONFUCIOUS
# KONG FUZI



တရုတ်လူ့အဖွဲ့အစည်းကို
ဩဇာအလွှမ်းဆောင်းဆုံး

# ကွန်ဖြူးရှပ်

ဇင်မျိုး

မြန်မာပြန်



mgyoe.com

ZM0009
800.00 KS

mgyoe.com

တရုတ်လူ့အဖွဲ့အစည်းကိုဩဇာအလွှန်ညောင်းသူ ကွန်ဖြူးရှပ်၊ ဇင်မျိုး
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၅၀ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တရုတ်လူ့အဖွဲ့အစည်းကို သြဇာအလွှမ်းဆောင်းသူ ကွန်ဖြူးရှပ်

ဇင်မျိုး

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အခန်း (၁) ကဗျာမဆန်သောဘဝ | ၂ |
| ၂။ | အခန်း (၂) ကွန်ဖြူးရှပ်ဝါဒ | ၁၂ |
| ၃။ | အခန်း (၃) သမိုင်း အဆက်အစပ် | ၁၈ |
| ၄။ | အခန်း (၄) ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ | ၂၈ |
| ၅။ | အခန်း (၅) ကွန်ဖြူးရှပ်၏ ပို့ချချက်များ | ၃၄ |
| ၆။ | အခန်း (၆) ကွန်ဖြူးရှပ်တန်ဖိုးများ | ၄၀ |
| ၇။ | အခန်း (၇) ကွန်ဖြူးရှပ် အလွန် | ၄၆ |


■

mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

mgyoe.com



## အခန်း-၁

# ကဗျာမဆန်သောဘဝ

ကွန်ဖြူးရှပ်ကို ဘီစီ ၅၅၁ တွင် မွေးသည်။ ဇာတိမှာ လျူပြည်နယ် ကျူဖု ဖြစ်သည်။ လျူပြည်နယ်သည် ယနေ့ ရှန်ဒေါင်ပြည်နယ်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဩဇာအရှိဆုံးကျောင်းဆရာ ဒဿနသမား၊ နိုင်ငံရေး သီအိုရီ ထုတ်သူ ကွန်ဖြူးရှပ်၏ဘဝမှာ ကဗျာမဆန်ပေ။ တရုတ်လူ့အဖွဲ့အစည်းကို ဩဇာ အလွန်ညောင်းသူဖြစ်ခဲ့သော်လည်း ကွန်ဖြူးရှပ်သည် ရိုးရှင်းစစ်မှန်သောဘဝကို ဖြတ်သန်းခဲ့သည်။ ကွန်ဖြူးရှပ်၏ ရိုးရှင်းမှု၊ စစ်မှန်မှုသည် သူ၏ လူ့လောကအပေါ် ထားရှိသော ကြင်နာခြင်းအစစ်အမှန်တရားကို အမှန်တရားက ဖော်ပြခြင်း မပြုနိုင်ခဲ့ပေ။ ထို့အပြင်လည်း မိမိကိုယ်ကို ပြုစုပျိုးထောင်ခြင်း၊ မိမိကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးခြင်းဟူသော လူသား၏ အရည်အသွေးကို ကွန်ဖြူးရှပ်၏ ဘဝတွင် မြင်တွေ့ရမည်ထင်သည်။

သာမန်လူသည် အံ့ဘနန်းပညာရှိဖြစ်နိုင်သည်ဟု ယုံကြည်ခြင်း၊ သာမန်လူသားသည် အဖိုးတန်လူဖြစ်နိုင်သည်ဟု ယုံကြည်မှုရှိခြင်းတို့ကို ကွန်ဖြူးရှပ်အမွေအနှစ်တွင် ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်။ လူသားသည် သင်ကြားပေး၍ ရနိုင်သည်။ တိုးတက်အောင်လုပ်၍ရသည်။ ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ အများ၏ ကြိုးပမ်းအားထုတ်မှုအရလည်းကောင်း ပြည့်စုံ

mgyoe.com

mgyoe.com







အောင် လုပ်၍ရနိုင်သည်ဟု ကွန်ဖြူးရှပ်က အခိုင်အမာဆိုသည်။

ကွန်ဖြူးရှပ်၏ဘဝနှင့် ပတ်သက်၍ အချက်အလက် အထောက်အထားများသည် ပြည့်စုံခြင်းမရှိသော်လည်း ကွန်ဖြူးရှပ် ပေါ်ပေါက်လာခဲ့သော ခေတ်ကာလနှင့် သမိုင်းအဆက်အစပ်တို့ကိုကား ဖော်ထုတ်၍ရသည်။ ထို့ကြောင့် ကွန်ဖြူးရှပ်ကို လျူပြည်နယ်တွင် မွေးဖွားခဲ့ပြီး၊ ၈ ကြိမ်မြောက် လ နှစ်၏ ၂၂ ရက်မြောက်နေ့တွင် မွေးသည်ဟု ဆိုသည်။ သို့ရာတွင် ထိုမွေးရက်ကို သမိုင်းပညာရှင်များက မေးခွန်းထုတ်ကြသော်လည်း နှစ်တစ်နှစ်၏ စက်တင်ဘာ ၂၈

mgyoe.com

mgyoe.com

ရက်နေ့သည် ကွန်ဖြူးရှပ်မွေးနေ့အဖြစ် အရှေ့အာရှတွင် ကျယ်ပြန့်စွာ လက်ခံထားကြသည်။ စက်တင်ဘာ ၂၈ ရက်နေ့သည် ထိုင်ဝမ်တွင် ဆရာများနေ့ဖြစ်ပြီး ထိုနေ့သည် ထိုင်ဝမ်တွင် တရားဝင် အားလပ်ရက်ဖြစ်သည်။

ကွန်ဖြူးရှပ်ကို လူ့ဟုခေါ်သော ပဒေသရာဇ်ပြည်နယ်ငယ်လေးရှိ ကျူဖုတွင် မွေးသည်။ ယနေ့တွင် ရှန်ဒေါင်ဟုခေါ်သော လူ့ပြည်နယ်လေးသည် ကျို့ယဉ်ကျေးမှု၏ ဂီတနှင့် ကျေးလက်အစဉ်အလာတို့ကို ထိန်းသိမ်းရာတွင် ထင်ရှားလှသည်။ သူ၏ မိသားစုအမည်မှာ ကွန်ဖြစ်၍ သူ၏ ပုဂ္ဂလနာမည်မှာ ကျူဖြစ်သည်။ သို့ရာတွင် တရုတ်လူမျိုးတို့၏သမိုင်းတွင် သူ့ကို ကွန်ဇီ သို့မဟုတ် ကွန်ဖြူဇီ(ဆရာကွန်)ဟု ခေါ်ကြသည်။ လက်တင်စကား Confucius မှ ဆင်းသက်လာသော နာမဝိသေသန Confucian သည် တရုတ်စကားတွင် အဓိပ္ပာယ်မရှိသော စကားဖြစ်သည်။ ထို့အပြင် Confucianism ဆိုသော ဝေါဟာရသည်လည်း ၁၈ ရာစုခန့်က ဥရောပတွင် ထွင်ခဲ့သောစကားဖြစ် သည်။

ကွန်ဖြူးရှပ်၏ ဘိုးဘေးများသည် မင်းမျိုး မင်းနွယ်များမှ ဆင်းသက်လာသူများဟု ဆိုနိုင်သော်လည်း သူ့ကို မွေးဖွားချိန်တွင် သူ့ ဘိုးဘွားများသည် ဆင်းရဲမွဲတေနေသည့် သာမန်လူတန်းစားများဖြစ်ကြသည်။ ကွန်ဖြူးရှပ် ခုနစ်နှစ်သားတွင် ဖခင်ကွယ်လွန်သည်။ လက်ဦးဆရာအဖြစ် မိခင်၏ လမ်းညွှန်မှုအောက်တွင် ကြီးပြင်းခဲ့ရသော ကွန်ဖြူးရှပ်သည် ဘဝတူဆယ်ကျော်သက်များကြားတွင် အများနှင့်မတူ စာကြိုးစားသူဖြစ်သည်။ ၁၅ နှစ်သားအရွယ်ကတည်းက မိမိ၏နှလုံးသားကို ပညာဆည်းပူးခြင်းအရာတွင် နှစ်မြှုပ်ထားခဲ့သည်ဟု ကွန်ဖြူးရှပ်က ဆိုသည်။ လူငယ်ပညာရှိတစ်ဦးအဖြစ် ကျော်ကြားနေချိန် မဟာကျောင်းတော်ကိုသွားရောက်လည်ပတ်စဉ် အရာရာကို စူးစမ်းလေ့လာမှသာ အဆင်ပြေမည်ဟု သဘောပေါက်ခဲ့သည်။


ကွန်ဖြူးရှပ်သည် အသေးအဖွဲ့ အစိုးရရာထူးများတွင် ထမ်းဆောင်ခဲ့သည်။ မြင်းစောင်းများကို စီမံခန့်ခွဲရခြင်း၊ စပါးကျီများအတွက် စာရင်းကိုင်ပေးရခြင်းစသော အစိုးရအလုပ်များကို လုပ်ခဲ့ရသည်။ ၁၉ နှစ်အရွယ်တွင် ကွန်ဖြူးရှပ်သည် ကျောထောက်နောက်ခံတူသော အမျိုးသမီးတစ်ဦးနှင့် အိမ်

mgyoe.com

mgyoe.com


ထောင်ပြခဲ့သည်။ ကွန်ဖြူးရှပ်၏ ဆရာများမှာ မည်သူများဖြစ်သည်ဟု မဖော်ထုတ်နိုင်သော်လည်း၊ သူသည် ဆရာသမားကောင်းများကို ဖွဲကောင်းကောင်းရှာဖွေခဲ့သည်။ သူ့ကို ရှေးထုံးအစဉ်အလာများ၊ တေးဂီတပညာနှင့် အခြားပညာရပ်များကို သင်ကြားပေးနိုင်မည့် လူမှန် ဆရာအမှန်ကို ကြိုးစားရှာဖွေခဲ့သည်ဟု ဆိုသည်။ ကွန်ဖြူးရှပ်သည် ပညာရပ်ခြောက်မျိုးကို ကျွမ်းကျင်ပိုင်နိုင်သည်။ ထိုပညာရပ်များမှာ ရှေးထုံးဓလေ့ပညာ၊ ဂီတ၊ မြားပစ်၊ မြင်းရထားမောင်းပညာ၊ လက်ရေးလှပညာ၊ ဂဏန်းသင်္ချာတို့ ဖြစ်သည်။ ကဗျာ၊ သမိုင်းစသည့် ရှေးရိုးအစဉ်အလာတို့နှင့် ကျွမ်းဝင်သူဖြစ်၍ အသက်သုံးဆယ်ကျော်အရွယ်တွင် သူ့အား အလွန်ထူးချွန်သော ကျောင်းဆရာတစ်ဦး ဖြစ်စေခဲ့သည်။

ထို့ကြောင့် ကွန်ဖြူးရှပ်ကို တရုတ်တွင် ပထမဦးဆုံး ကျောင်းဆရာဟု သတ်မှတ်ကြသည်။ ကွန်ဖြူးရှပ်သည် ပညာရေးကို ကျယ်ပြန့်စွာ သင်ကြားပေးစေလိုပြီး ပညာရေးကို အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအဖြစ် သင်ကြားနည်းအား ထူထောင်ရာတွင် အရေးပါသူဖြစ်သည်။ ကွန်ဖြူးရှပ်မတိုင်ခင်က အထက်တန်းလွှာမိသားစုများသည် မိမိတို့၏ သားသမီးများအထူးပညာရပ်များ သင်ကြားပေးရန် ဆရာများကို ငှားရမ်းခဲ့ကြရသည်။



mgyoe.com


mgyoe.com


အစိုးရအရာရှိများကလည်း မိမိတို့၏ လက်အောက်ငယ်သားများကို လိုအပ်သောပညာရပ်များ သင်ကြားကြရန် ညွှန်ကြားခဲ့ကြသည်။ ဤသို့သော အနေအထားတွင် ကွန်ဖြူးရှပ်သည် လူ့အဖွဲ့အစည်းကို အသွင်ပြောင်းလဲရန်၊ လူ့အဖွဲ့အစည်းတိုးတက်စေရန် မိမိ၏တစ်ဘဝလုံးကို စာပေလေ့လာခြင်း၊ သင်ကြားခြင်းတို့အတွက် ပထမဦးဆုံး မြှုပ်နှံခဲ့သူဖြစ်သည်။ လူသားအားလုံးသည် မိမိတို့ကိုယ်ကို ပြုစုပျိုးထောင်ခြင်းဖြင့် အကျိုးအမြတ်ရှိနိုင်သည်ဟု ကွန်ဖြူးရှပ်က ယုံကြည်သည်။ သူသည် ခေါင်းဆောင်ဖြစ်လာနိုင်သူများအတွက် လူ့ယဉ်ကျေးမှုပညာရပ်ကို စတင်သင်ကြားပေးခဲ့ပြီး လူတိုင်းအတွက် ပညာရေးတံခါးပေါက်များကို ဖွင့်ပေးခဲ့သည်။ ပညာသင်ယူခြင်းမှာ ဗဟုသုတ ဆည်းပူးရုံသက်သက်မျှသာမဟုတ် အကျင့်စာရိတ္တ တည်ဆောက်ခြင်းလည်း ဖြစ်သည်ဟု ဆိုသည်။

ကွန်ဖြူးရှပ်ကမူ ပညာရေး၏ မူလတာဝန်မှာ အတုခိုးလောက်သော လူပုဂ္ဂိုလ်များကို သင့်လျော်သည့် သင်တန်းပေးခြင်းဖြစ်သည်ဟု ဆိုသည်။ မိမိကိုယ်ကို စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ခြင်း၊ လူ့အဖွဲ့အစည်းနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း စသော လုပ်ငန်းစဉ်ဖြစ်သည်ဟု ခံယူထားသည်။ စာပေလေ့လာဆည်းပူးခြင်းမှာ မိမိတစ်ကိုယ်စာအတွက် ဖြစ်သည်ဟု ပြောကြားခဲ့သော်လည်း အစိုးရဝန်ထမ်းအလုပ်သည် အစစ်အမှန် ပညာရေးပေါ်တွင် မူတည်နေသည်ဟု သူ တွေ့လာရသည်။ ကွန်ဖြူးရှပ်သည် အသိပညာ ပြည့်စုံသော တပသီများနှင့် ထိပ်တိုက်တွေ့ခဲ့သည်။ ကွန်ဖြူးရှပ်သည် တပသီရသေ့များ၏ လောကအကျိုး ဆောင်ရွက်လိုသော ဆန္ဒကို ဝေဖန်ခဲ့သည်။ တပသီများသည် ၄က်တိရစ္ဆာန်များကိုသာ မေတ္တာရှေ့ထားကြသူများဖြစ်ကာ၊ လူ့အဖွဲ့အစည်းနှင့် ကင်းကွာနေသူများ ဖြစ်သည်ဟု ကွန်ဖြူးရှပ်က ဝေဖန်ခဲ့သည်။ သူတို့သည် လောကကို မိမိတို့၏ အတွင်းစိတ်သန္တာန်ဖြင့်သာ ပြောင်းလဲရန် ကြိုးစားသူများဖြစ်သည်ဟု ကွန်ဖြူးရှပ်က ထောက်ပြခဲ့သည်။ ကွန်ဖြူးရှပ်သည် နိုင်ငံရေးတွင် ဆယ်စုနှစ်များစွာ တက်ကြွလှုပ်ရှားခဲ့ပြီး၊ မိမိ၏ လူ့ယဉ်ကျေးမှု အတွေးအခေါ်များကို အစိုးရအလုပ်များမှ တစ်ဆင့် လက်တွေ့

mgyoe.com

mgyoe.com

ကျင့်သုံးခဲ့၏။

အသက် ၄၀ နှောင်းပိုင်းနှင့် အသက် ၅၀ အစောပိုင်းတွင် ကွန်ဖြူးရှပ်သည် ခရိုင်တရားသူကြီးအဖြစ် ဦးစွာ အမှုထမ်းခဲ့သည်။ ထို့နောက် သူသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်ထောက်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ နောက်ဆုံးတွင် ကွန်ဖြူးရှပ်သည် လူ့ပြည်နယ်၏ တရားရေး

mgyoe.com

mgyoe.com


ဝန်ကြီးဖြစ်လာသည်။ သူသည် သံတမန်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျူဘုရင်၏ ဝန်ကြီးချုပ်အဖြစ်ပါ ဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် ကွန်ဖြူးရှပ်၏ နိုင်ငံရေးအလုပ်မှာ သက်ဆိုးမရှည်ခဲ့ပါ။ လျူဘုရင်ကို သစ္စာရှိခဲ့သည့် သူ့အား ထိုအချိန်က ဩဇာအာဏာကြီးခဲ့သော ကျီ မိသားစုက အလိုမရှိခဲ့ပေ။ သူ၏ စာရိတ္တ ဖြောင့်မှန်မှုသည် ဘုရင်၏ အတွင်းလူများနှင့် အဆင်မပြေခဲ့ပေ။ ထို့ကြောင့် ၅၆ နှစ်အရွယ်တွင် အထက်လူကြီးများက မိမိ၏ မူဝါဒများကို စိတ်ဝင်စားခြင်းမရှိကြောင်း ကွန်ဖြူးရှပ် သိလာခဲ့သည်။

## နိုင်ငံကို စွန့်ခွာခြင်း

လျူဘုရင်၏ အတွင်းလူများနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်လာသော ကွန်ဖြူးရှပ်သည် နောက်ဆုံးတွင် နိုင်ငံမှ ထွက်ခွာလာခဲ့၏။ ထိုခေတ်က လျူသည် ပြည်နယ်တစ်ခုဖြစ်သော်လည်း နိုင်ငံငယ်တစ်ခုဖြစ်သည်။ ကွန်ဖြူးရှပ်သည် နိုင်ငံကို စွန့်ခွာခဲ့ခြင်းမှာ နောက်ထပ် ပဒေသရာဇ်နိုင်ငံတစ်ခုတွင် အမှုထမ်းရန်ဖြစ်သည်။ နိုင်ငံရေးကို စိတ်ပျက်နေခဲ့သည့်တိုင် ကွန်ဖြူးရှပ်သည် မိမိဘာသာ ၁၂ နှစ်ခန့်မျှ ပြည်နှင်ဒဏ်ခတ်ခဲ့သည့်ကာလတွင် နောက်လိုက် ကျောင်းသား ပိုမိုများပြားလာခဲ့၏။ အမြော်အမြင်ကြီးသူအဖြစ် ထင်ရှားလာခဲ့စဉ် ကွန်ဖြူးရှပ်သည် မိမိအတွေးအခေါ်များကို ပျံ့နှံ့စေခဲ့သည်။ ထို့ကြောင့်လည်း နယ်စပ် အစောင့်တစ်ဦးက ကွန်ဖြူးရှပ်ကို ခေတ်ကို ကိုယ်စားပြုနေသော သစ်သားလျှာနှင့် လူဟု မှတ်ချက်ချခဲ့ပြီး လူများအား နိဗ္ဗာန်စကား မြွက်ကြားသူဟု ဆိုသည်။

ကွန်ဖြူးရှပ်သည် အမှားအမှန်ခွဲခြားနိုင်သည့် အသိဉာဏ်ရှိသူဖြစ်သည်။ မိမိ၏ သူရဲကောင်းဆန်သောလုပ်ရပ်များသည် အောင်မြင်မှု ရချင်မှ ရနိုင်မည်ဖြစ်သော်လည်း ပြင်းပြသော ဆန္ဒဖြင့် အကောင်းဆုံးကို ကြိုးစားဆောင်ရွက်ခဲ့သည်။ ထို့နောက် အသက် ၆၇ နှစ်တွင် သူသည် အိမ်ပြန်လာခဲ့သည်။ မွေးရပ်ကို ပြန်ရောက်လာသော ကွန်ဖြူးရှပ်သည် တပည့်များကို စာသင်ပေးခြင်း၊ စာပေရေးသားခြင်း၊ စာတည်းဖြတ်ခြင်းတို့ကို လုပ်ခဲ့၏။ ကွန်ဖြူးရှပ်

mgyoe.com

mgyoe.com






သည် ရှေးအစဉ်အလာကို မြတ်နိုးသူဖြစ်သည့်အားလျော်စွာ အသက်ကြီးလာသည်အထိ ရှေးရိုးအစဉ်အလာများကို ထိန်းသိမ်းခဲ့သည်။ ထို့ကြောင့်လည်း သမိုင်းအထောက်အထားများ အဆိုအရ ကွန်ဖြူးရှပ်တွင် တပည့် ၇၂ ဦးရှိသည်ဟု သိရသည်။ သူ၏တပည့်များသည် ပညာရပ် ၆ မျိုးကို ကျွမ်းကျင်သည်ဟု ဆိုသည်။ သူ၏ နောက်လိုက်အရေအတွက်မှာ ၃၀၀၀ ရှိသည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြကြသည်။ တရုတ်ဒဿနပညာရှင်ကြီး ကွန်ဖြူးရှပ်သည် တရုတ်အစဉ်အလာများကို ကာကွယ်စောင့်ရှောက်သူဖြစ်ပြီး အစဉ်အလာဟောင်းများကို ပြန်လည်ဖော်ထုတ်၍ တရုတ်လူ့အဖွဲ့အစည်းကို တိုးတက်အောင်လုပ်ရန် ဆော်သြခဲ့သည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ကွန်ဖြူးရှပ် ကွယ်လွန်သွားပြီးနောက် ကွန်ဖြူးရှပ်ဝါဒသည် တရုတ်နိုင်ငံတွင် ထွန်းကားပြန့်ပွားခဲ့သည်။ ကွန်ဖြူးရှပ်သည် တရုတ်လူ့အဖွဲ့အစည်းကို ဩဇာညောင်းသူဖြစ်ခဲ့သည်။ တရုတ်ဒဿနပညာရပ်တွင် အမျိုးအစား ၃ မျိုးရှိသည်။ ထိုဒဿနပညာရပ် ၃ မျိုးမှာ ဗုဒ္ဓဒဿန၊ ကွန်ဖြူးရှပ်ဒဿနနှင့် တာအိုဒဿနတို့ ဖြစ်သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# အခန်း-၂

## ကွန်ဖြူးရှပ်ဝါဒ

ခရစ်မပေါ်မီ ၆ ရာစုနှင့် ၅ ရာစုတွင် ကွန်ဖြူးရှပ် ဖြန့်ဝေခဲ့သော ဘဝပညာနှင့် ဒဿနပညာကို တရုတ်လူမျိုး နှစ်သန်းကျော်တို့က လိုက်နာခဲ့ကြသည်။ ကာလအလျောက် အသွင်ပြောင်းလဲမှုရှိလာသော်လည်း ကွန်ဖြူးရှပ်၏ အတွေးအခေါ်သည် တရုတ်လူမျိုးတို့၏ လူမှုရေးကျင့်ဝတ်၊ တရုတ်လူမျိုးတို့၏ တန်ဖိုးရင်းမြစ်၊ စာပေလေ့လာခြင်း၏ အနှစ်သာရအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ကွန်ဖြူးရှပ်၏ ဩဇာလွှမ်းမိုးမှုသည် အခြားနိုင်ငံများကိုပါ ရောက်ရှိသွားခဲ့သည်။ ကွန်ဖြူးရှပ်ဝါဒသည် ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်တို့ အထိ ပျံ့နှံ့သွားခဲ့သည်။

တရုတ်စကားတွင် မရှိသည့် အနောက်တိုင်းက တီထွင်ခဲ့သော ကွန်ဖြူးရှပ်ဝါဒ ဝေါဟာရသည် လောကအမြင်၊ လူမှုကျင့်ဝတ်၊ နိုင်ငံရေး တွေးခေါ်ပညာ၊ ပညာရှိ အစဉ်အလာ၊ ဘဝနေနည်းဟူသည့် အဓိပ္ပာယ်များကို ပေးသည်။ တစ်ခါတစ်ရံတွင် ၎င်းကို ဒဿနပညာအဖြစ် မြင်ကြပြီး၊ ဘာသာရေး တစ်ရပ်အဖြစ်လည်း ရှုမြင်ကြသည်။ ထို့အပြင်လည်း ကွန်ဖြူးရှပ်ဝါဒသည် ဘိုးဘေးဘီဘင်တို့ကို ရိုသေလေးစားခြင်း၊ လူကို ဗဟိုပြုသော ဘာသာတရား စသည့်

mgyoe.com

mgyoe.com



တို့ကို ခြုံငုံထားသည့် တွေးခေါ်နေထိုင်နည်းဟုလည်း နားလည်ထားကြသည်။ အရှေ့အာရှသားများသည် မိမိတို့ဘာသာ မိမိတို့ ရှင်တို ဘာသာဝင်၊ တာအို ဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင် ဖြစ်သည်ဟု ဝန်ခံကောင်း ဝန်ခံပြောကြားကြသော်လည်း မိမိတို့သည် ကွန်ဖြူးရှပ်ဝါဒီ ဖြစ်သည်ဟူ၍ကား ဝန်ခံခဲလှသည်။

ကွန်ဖြူးရှပ်ဝါဒကို အရေးပါသော ဘာသာရေးကြီးများနှင့် တစ်အုပ်စု တည်းထား၍ ပြောဆိုနေကြသော်လည်း အမှန်မှာ ကွန်ဖြူးရှပ်ဝါဒသည် ထို ဘာသာတရားကြီးများကဲ့သို့ စုစည်းမှုရှိသော ဘာသာရေးမဟုတ်ပေ။ သို့ သော်လည်း ကွန်ဖြူးရှပ်ဝါဒသည် တရုတ်စာပေယဉ်ကျေးမှုကို ဩဇာသြောင်း ခဲ့ခြင်းကြောင့် အခြား အရှေ့အာရှနိုင်ငံများကို ပျံ့နှံ့ခဲ့သည်။ ထို့အပြင်လည်း ကွန်ဖြူးရှပ်ဝါဒသည် စိတ်ပိုင်းဆိုင်ရာဘဝ၊ နိုင်ငံရေးဘဝတို့ကိုပါ နက်နက်



mgyoe.com

mgyoe.com


ရှိုင်းရှိုင်း ဩဇာလွှမ်းခဲ့သည်။ ကွန်ဖြူးရှပ်ဝါဒ၏ သီအိုရီနှင့် လက်တွေ့ ကျင့်စဉ် နှစ်ရပ်စလုံးသည် အစိုးရ၊ လူ့အဖွဲ့အစည်း၊ ပညာရေးနှင့် အရှေ့အာရှ မိသားစု ပုံစံများအဖြစ် မှတ်မှတ်ထင်ထင်ရှိခဲ့သည်။ ကွန်ဖြူးရှပ်ဝါဒီအဖြစ် တရုတ် လူမျိုးတို့၏ အစဉ်အလာဘဝနှင့် ယဉ်ကျေးမှုကို ဝိသေသပြနေသည်ဟု ချဲ့ကား ပြောဆိုနိုင်သော်လည်း ကွန်ဖြူးရှပ် ကျင့်ဝတ်တန်ဖိုးများက တရုတ်အင်ပါယာ တွင် နိုင်ငံများအချင်းချင်း၊ လူ့အဖွဲ့အစည်းအချင်းချင်း၊ လူတစ်ဦးချင်း အပြန် အလှန် အကျိုးပြုရေးအတွက် အယူခံရုံ အနေဖြင့်လည်းကောင်း၊ စိတ်ဓာတ် လှုံ့ဆော်မှု အရင်းအမြစ်အဖြစ်လည်းကောင်း နှစ်ပေါင်း ၂၀၀၀ ကျော် ဩဇာ ညောင်းခဲ့သည်။

## ကွန်ဖြူးရှပ်အတွေးအခေါ်

ကွန်ဖြူးရှပ်ဝါဒ ဇာတ်လမ်းမှာ ကွန်ဖြူးရှပ်ဖြင့် အစပြုခဲ့ခြင်းမဟုတ် ပါ။ ဗုဒ္ဓက ဗုဒ္ဓဘာသာကို တည်ထောင်သူ၊ ခရစ်က ခရစ်ယာန်ဘာသာကို တည်ထောင်သူ စသည်ဖြင့် နားလည်ထားကြသော်လည်း ကွန်ဖြူးရှပ်က ကွန်ဖြူးရှပ်ဝါဒကို တည်ထောင်သူမဟုတ်ပေ။ ကွန်ဖြူးရှပ်သည် မိမိကိုယ်ကို ဝါဒ တစ်ရပ်အား ထူထောင်သူဆိုသည်ထက် အသစ်ကို ထိန်းသိမ်းရန် အဟောင်းကို ပြန်လည်အသက်သွင်းပေးသူအဖြစ် ယူဆထားသည်။ ထို့ကြောင့် ကွန်ဖြူးရှပ်သည် အဟောင်းနှင့် အသစ်ကို ပေါင်းကူးပေးသူဖြစ်သည်ဟု ယူဆ နိုင်သည်။ ရှေးထုံးစံတို့ကို အားပေးကာ အတိတ်၏ အဓိပ္ပာယ်ကို သူက အားသစ် လောင်းပေးခဲ့ခြင်းဖြစ်သည်။ အတိတ်အဟောင်းကို မြတ်နိုးသောစိတ်ဖြင့်ပင် ကွန်ဖြူးရှပ်သည် ဘိုးဘေးဘီဘင်များကို ရိုသေလေးစားခြင်း၊ လူကို ဗဟိုပြု သော ဘာသာရေးဓလေ့များကို အားပေးခြင်း၊ အသုဘအခမ်းအနား ပြုလုပ် ခြင်းတို့ကဲ့သို့သော ထူးခြားဘဝပုံစံများနှင့် ဓလေ့ထုံးစံများကို ပြင်းထန်သော ဆန္ဒ၏ တွန်းအားပေးမှုဖြင့် ပြုလုပ်စေခဲ့ခြင်းဖြစ်ပြီး ယင်းတို့သည် ရာစုနှစ် များစွာ တည်တံ့နေခဲ့သည်။ သူ၏ အတိတ်ကို ပြန်သွားသောခရီးစဉ်မှာ မူလ ဇာစ်မြစ်ကို ရှာဖွေခြင်းဖြစ်သည်။ လူသားတို့၏ ပိုင်ဆိုင်လိုသောဆန္ဒ၊ တစ်ဦး

mgyoe.com

mgyoe.com




နှင့်တစ်ဦး ဆက်သွယ်လိုသောဆန္ဒတို့ကို အရင်းခံထားသည့် ဇာစ်မြစ်ကို သူက ရှာဖွေခဲ့ခြင်းဖြစ်သည်။ သူသည် ယဉ်ကျေးမှုဓလေ့စရိုက်၏ စုပေါင်း စွမ်းအားကို ယုံကြည်သည်။ ထို့ကြောင့် သူ့အတွက်မူ ရှေးရိုးအစဉ်အလာဟူသည် ခိုင်မာမှု ပျောက်ဆုံးသွားခြင်းမရှိဘဲ၊ ထိုရှေးအစဉ်အလာတို့သည်ပင် အနာဂတ်ကို အားသစ်လောင်းနိုင်သည်ဟု ခံယူထားသည်။ ထို့ကြောင့် ကွန်ဖြူးရှပ်၏ သမိုင်းအမြင်မှာ မိမိကိုယ်ကို ကွန်ဆာဗေးတစ် တစ်ဦးအဖြစ် ရှုမြင်နိုင်လောက်အောင် ခိုင်မာသည်ဟု ယုံကြည်ထားသောကြောင့် အနောက်ကျို့ မင်းဆက်၏

mgyoe.com

mgyoe.com


စံပြုထိုက်သော ယဉ်ကျေးမှုနယ်ပယ်တွင် ကောင်းစွာ အလုပ်ဖြစ်ခဲ့သော ယဉ်ကျေးမှုတန်ဖိုးများ၊ လူ့စံနှုန်းများ စဉ်ဆက်မပြတ်ရှိနေစေရန် မိမိတွင် တာဝန်ရှိသည်ဟု ယုံကြည်ထားသည်။

❑

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


## အခန်း-၃

# သမိုင်း အဆက်အစပ်

ကွန်ဖြူးရှပ် မျှော်မှန်းသော ပညာရှိခလေ့ကို ရှေးပဝေသဏီပညာ အမြော်အမြင်ကြီးမားသော ဘုရင်များလက်ထက်တွင် မြင်တွေ့နိုင်သည်။ ရှေးဟောင်းသုတေသနက အတည်ပြုထားသော ရှေးအကျဆုံးမင်းဆက်မှာ ဘီစီ ၁၈ နှင့် ၁၂ ရာစုတွင် ပေါ်ပေါက်ခဲ့သော ရှန်မင်းဆက်ဖြစ်သည်ဟု ဆိုသော်လည်း ကွန်ဖြူးရှပ်ပြောသော ပညာရှိခလေ့ဆိုသည်မှာ သမိုင်းကာလအားဖြင့် ရှန်မင်းဆက်ထက် ပိုမိုစောသည်။ အနောက်တိုင်းက ကွန်ဖြူးရှပ်ဝါဒဟု ခေါ်သော ယဉ်ကျေးမှုဖြစ်စဉ်သည် ကွန်ဖြူးရှပ်က အစပြုကောင်း ပြုခဲ့သည်ဟု ဆိုနိုင်သော်လည်း၊ ကွန်ဖြူးရှပ် အပါအဝင် ကွန်ဖြူးရှပ်၏နောက်လိုက်များက သူတို့ကိုယ်သူတို့ ခလေ့တစ်ခု၏ အစိတ်အပိုင်းဖြစ်သည်ဟု စဉ်းစားခဲ့ကြ၏။ နောက်ပိုင်းတွင် တရုတ်သမိုင်းပညာရှင်များက ပညာရှိခလေ့ဆိုသည်ကို ရူကျာဟု ဖော်ထုတ်နိုင်ခဲ့ပြီး၊ ထို အစဉ်အလာသည် ဒဏ္ဍာရီလာပညာရှိများ ဖြစ်သော ယိုနှင့် ရှွန်းတို့က လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းခန့်က စာရိတ္တ ပြုပြင်ပြောင်းလဲရေး (moral persuasion) မှ တစ်ဆင့် ယဉ်ကျေးသော လောကကို ဖန်တီးခဲ့ကြသည်ဟု ဆိုသည်။

mgyoe.com

mgyoe.com




ကွန်ဖြူးရှပ်၏ ဟီးရိုးမှာ ဘီစီ ၁၀၉၄ ခန့်တွင် ပေါ်ပေါက်ခဲ့သော ဇိုဝွန် သို့မဟုတ် ဇိုနယ်စားဟု ဆိုကြသည်။ ဇိုဝွန်သည် မြေရှင်ပဒေသရာဇ်စနစ်ကို ခိုင်မာစေခြင်း၊ ချဲ့ထွင်ခြင်း၊ မွမ်းမံခြင်းတို့ကို ကူညီအားပေးခဲ့သည်။ ဤသို့ အပြန်အလှန်မှီခိုမှုပြုသော စနစ်ကို သွေးသားတော်စပ်မှု၊ အိမ်ထောင်ဘက်ဖြစ်မှု၊ စေ့စပ်ညှိနှိုင်းထားသော ကတိကဝတ်ပဋိညာဉ်တို့အပေါ်တွင် အခြေပြုထားသည်။ မိသားစုကိစ္စအတွက်သာမက အပြန်အလှန် ဆက်နွယ်မှုထိန်းသိမ်းရေး အတွက်လည်း ယဉ်ကျေးမှုတန်ဖိုးများနှင့် လူမှုရေးစံနှုန်းများကို စိတ်ဝင်စားခြင်းသည် နိုင်ငံရေးအမြင်တူသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ နိုင်ငံရေးအမြင်တူခြင်းသည် ကောင်းကင်ဘုံ၏ အလိုအတိုင်း ဘာသာရေးအရ အပ်နှင်းထားသော အာဏာ၊ လူ့ကျင့်ဝတ်အရ အပ်နှင်းခံရသော အာဏာနှင့် အများလက်ခံထားသည့် ဘုရင်က အရိုက်အရာဆက်ခံခွင့်ရှိခြင်းတို့အပေါ်တွင် မူတည်နေသည်ဟု ဆိုသည်။ ယင်းသို့သော လူ့အဖွဲ့အစည်း စည်းလုံးညီညွတ်မှုကို တရားဥပဒေဖြင့် ထိန်းချုပ်ခြင်းကြောင့်လည်းကောင်း ဓလေ့ထုံးစံတို့ကို စောင့်ထိန်းခြင်းကြောင့်လည်းကောင်း ရရှိသည်ဟု ဆိုသည်။ ထိုအရာများက အနောက်ပိုင်း ဇိုမင်းဆက်ကို ငါးရာစုကျော်လောက်အထိ ငြိမ်းချမ်းစွာ သက်ဆိုးရှည်စေခဲ့ပြီး ကြွယ်ဝချမ်းသာစေခဲ့သည်။

mgyoe.com